CITIZEN ACTION FOR TRANSPARENCY



# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ရေလုပ်ငန်းလုပ်ကိုင်သူတို့၏ ဒေသတွင်းစီးပွားရေးအခြေအနေကို လေ့လာဆန်းစစ်ခြင်း

## ၁။ နိဒါန်း

မြိတ်မြို့သည် တနင်္သာရီတိုင်းဒေသကြီးအတွက် အဓိကအချက်အချာကျသည့် စီးပွားရေးမြို့တစ်မြို့ ဖြစ်သလို မြန်မာနိုင်ငံ၏ အထင်ကရ ကမ်းရိုးတန်းဒေသကြီး သုံးခုရှိသည့်အနက်မှ တစ်ခုအပါအဝင်လည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းအရှည်မှာ စုစုပေါင်းမိုင် ၁,၇၀၀ (၂,၈၃၂ ကီလိုမီတာ) ခန့်ရှိကာ ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းစသည်ဖြင့် အပိုင်းသုံးပိုင်း ခွဲခြားသတ်မှတ်ထားသည်။

နတ်မြစ်ဝမှ မော်တင်စွန်းအထိကို ရခိုင်ကမ်းရိုးတန်းဒေသအဖြစ်လည်းကောင်း၊ မော်တင်စွန်းမှ စစ်တောင်းမြစ်ဝအထိကို ဧရာဝတီမြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအဖြစ်လည်းကောင်း၊ စစ်တောင်းမြစ်ဝမှ ပါချန်မြစ်ဝ(ကော့သောင်း)အထိကို တနင်္သာရီကမ်းရိုးတန်းအဖြစ်လည်းကောင်း နယ်နိမိတ် ပိုင်းခြားသတ်မှတ်ထားကြသည်။

အဆိုပါ ကမ်းရိုးတန်းဒေသ သုံးခုရှိသည့်အနက် တနင်္သာရီကမ်းရိုးတန်းဒေသရှိ မြိတ်မြို့သည် ကျွန်းစုပေါင်းများစွာရှိသလို ရေလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုရာ ဒေသတစ်ခုလည်းဖြစ်သည်။ ထို့အပြင် မြိတ်မြို့သည် မြို့နယ်ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည့်အပြင် တနင်္သာရီတိုင်းဒေသကြီးတွင် လူဦးရေအများဆုံးနှင့် ဒုတိယအကြီးဆုံး မြို့တစ်မြို့လည်းဖြစ်သည်။



၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့်အိမ်ထောင်စုစာရင်းအရ မြိတ်မြို့၏ လူဦးရေမှာ (၂၈၄,၄၈၉)ဦးရှိပြီး မြိတ်ခရိုင်တစ်ခုလုံးတွင် (၆၉၃,၀၈၇)ဦးရှိခြင်းကြောင့် တနင်္သာရီတိုင်းဒေသကြီးတွင် လူဦးရေ အများဆုံးရှိသော ခရိုင်မြို့တစ်မြို့ ဖြစ်သည်။ မြိတ်မြို့ကို ကျေးရွာအုပ်စု (၆၇)အုပ်စု၊ ကျေးရွာပေါင်း (၂၀၀)ကျော်နှင့် မြို့ပေါ် ရပ်ကွက် (၁၄)ခုဖြင့် ဖွဲ့စည်းထားသည်။ ကျွန်းစုပေါင်း (၈၀၀)ကျော်က မြိတ်မြို့၏ အနောက်ဘက်ကို တံတိုင်းသဖွယ် ကာရံထားကြသည်။

မြိတ်မြို့သည် ရေလုပ်ငန်းထွန်းကားရာ ကမ်းရိုးတန်းဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး အပူပိုင်းဒေသဖြစ်သဖြင့် ရာဘာ၊ ဆီအုန်းတို့ကို စီးပွားဖြစ်စိုက်ပျိုးကြသလို ဆန်စပါးကိုလည်း အနည်းအကျဉ်း စိုက်ပျိုးလုပ်ကိုင်ကြသည်။



ထို့အပြင် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ပုလဲမွေးမြူရေးလုပ်ငန်း၊ သစ်ထုတ်လုပ်ရေး လုပ်ငန်းတို့ကို စီးပွားဖြစ် လုပ်ကိုင်လျက်ရှိပြီး ငှက်သိုက်နှင့် ဆေးဖက်ဝင် သဘာဝကမ်းဇော်ဆီ ထုတ်လုပ်သည့် လုပ်ငန်းတို့ကိုလည်း အများအပြား လုပ်ကိုင်ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနက်မှ မြိတ်မြို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် ရေလုပ်ငန်းနှင့်ပတ်သက်၍ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်မှု၊ ငါးအလွန်အကျွံ ဖမ်းဆီးလာခြင်းကြောင့် ငါးသယံဇာတ ရှားပါးလာမှု ရှိ/မရှိ၊ လူမှုစီးပွားအခက်အခဲများကြုံတွေ့နေရမှုများနှင့် ကမ်းနီး/ကမ်းဝေး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေတို့ကို လေ့လာမှတ်တမ်းတင်ခဲ့ ပါသည်။

## ၂။ အနှစ်ချုပ်

မြိတ်မြို့သည် ကမ်းရိုးတန်းဆိပ်ကမ်းမြို့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအောက်ပိုင်း ရေလုပ်ငန်းအဓိကလုပ်ကိုင်ရာ ဒေသတစ်ခုဖြစ်ခဲ့သည်။ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှု အခြေအနေတို့ကို သိရှိနိုင်ရန် ကလွင်အရှေ့ကုန်း၊ အထူးဆိပ်၊ ကျောက်ဖျာ၊ နတ်သျှင်သန်၊ ဝန်ဖို့ စသည့်ကျေးရွာများမှ ဒေသခံ (၁၀၄)ဦးတို့နှင့် တွေ့ဆုံကာ ငါးဖမ်းလုပ်ငန်းကိုင်မှု၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို သုတေသနမေးခွန်းများဖြင့် မေးမြန်းခဲ့ပါသည်။

ဒေသခံတို့မှာ ကမ်းဝေးထက် ကမ်းနီးတွင် ငါးဖမ်းလုပ်ငန်းကို ပိုမိုဖမ်းဆီးလုပ်ကိုင်ကြပြီး အဓိကဖမ်းဆီးရမိသည့်ငါးများမှာ ကင်းမွန်၊ ရေကြည်ငါး၊ ဂွေးကောင်၊ မျှင်၊ ကဏန်း၊ ကမာ၊ ငါးမုတ်၊ ငါးရွှေ၊ ဘီးဇင်းနှင့် ငါးခွေးလျှာတို့ ဖြစ်ကြသည်။ ဒေသခံအများစုသည် မိရိုးဖလာ ငါးဖမ်းလုပ်ငန်းနှင့်တွဲ၍ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကိုပါ လုပ်ကိုင်ကြသည်။

ငါးအလွန်အကျွံဖမ်းဆီးခြင်းကြောင့် ငါးများနေထိုင်ကျက်စားရာနေရာဆုံးရှုံးခြင်းနှင့် အခြားသဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းတို့ကြောင့် ဒေသခံရေလုပ်သားတို့မှာ ငါးအရလျော့နည်းလာခြင်းမှ တစ်ဆင့် မိသားစုဝင်ငွေထိခိုက်လာရသည့် အခြေအနေတို့နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။




ဖြေဆိုသူများအနက် အသက်(၃၀-၆၀)နှစ်အရွယ် လူလတ်ပိုင်းမှာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာတွင် အများဆုံးပါဝင်နေပြီး အနည်းဆုံးမှာ အသက်(၆၀)နှစ်အထက် လူကြီးပိုင်းအရွယ်များ ဖြစ်ကြသည်။ ရေလုပ်ငန်းတွင် လူငယ်များပါဝင်ကြသော်လည်း လူလတ်ပိုင်းနှင့် နှိုင်းယှဉ်ကြည့်ပါက အားနည်းနေသေးသည်ကို စစ်ဆေးတွေ့ရှိရသည်။

ရေလုပ်ငန်းလုပ်ကိုင်မှုအခြေအနေနှင့် ပတ်သက်၍ သုတေသနစစ်တမ်းအား ဖြေဆိုရာတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေမှာ ပိုများနေသည်ကို တွေ့ရသော်လည်း အမျိုးသားအများစုမှာ ငါးထွက်ဖမ်းနေခြင်းကြောင့် အိမ်မှာကျန်ခဲ့သည့် အမျိုးသမီးများမှ လာရောက်ဖြေဆိုသည်ကို တွေ့ရှိရသည်။

ပညာအရည်အချင်းနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် အလယ်တန်းအဆင့်တက်ရောက်သူမှာ အများဆုံးဖြစ်ပြီး ကျောင်းလုံးဝမတက်ရောက်ဖူးသူလည်း တစ်ဦးရှိသည်။ ဒေသခံအများစုမှာ ငါးဖမ်းလုပ်သက်(၁၀)နှစ်အထက်ရှိသူများ ဖြစ်ကြသည်။ အချိန်ပြည့်ငါးဖမ်းခြင်းကို အများဆုံးလုပ်ကိုင်ကြပြီး ပိုက်၊ ဆူး၊ ကဏန်းခံ၊ ကမာငုပ်ရာတွင် အသုံးပြုသည့် အောက်ဆီဂျင်အိုးနှင့် ပိုက် စသည့်ငါးဖမ်းကိရိယာများကို အများဆုံး အသုံးပြုကြသည်။



မြိတ်မြို့တွင် ဖမ်းဆီးရမိသည့် ငါးမျိုးစိတ်စုစုပေါင်း (၅၀) ကျော်ရှိပြီး ယခင်ကဖမ်းမိပြီး ယခုရှားပါးသွားသော ငါးမျိုးစိတ်ပေါင်း (၁၀)မျိုးဝန်းကျင်ခန့်ရှိကြောင်း ပြောဆိုခဲ့ကြသည်။ ရေလုပ်ငန်းအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ကြပြီး ငါးဖမ်းစက်လှေတစ်ကြိမ်ထွက်လျှင် ရေလုပ်သားများ၏ ဝင်ငွေမှာ ကျပ် (၁၀၀,၀၀၀) မှ (၅၀၀,၀၀၀) ကြား ရရှိသည်ဟု ပြောဆိုသူအများဆုံးရှိကြသည်။



ပြောဆိုသူ ရေလုပ်သားတို့မှာ ရာသီဥတုပြောင်းလဲမှု၊ ငါးအလွန်အကျွံ ဖမ်းဆီးလာခြင်းကြောင့် ငါးအရနည်းလာမှု၊ ဈေးကွက်အခက်အခဲ၊ လောင်စာဆီဈေးနှုန်းမြင့်တက်လာမှု၊ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် စားဝတ်နေရေးအခက်အခဲများနှင့် ရင်ဆိုင်နေရမှု စသည့် စိန်ခေါ်မှုများရှိနေပြီး ပုဂ္ဂလိကချေးငွေများကို ယူထားရကြောင်း တွေ့ရှိရသည်။

စစ်တမ်းအချက်အလက်များအရ မြိတ်မြို့ရှိ အထက်ပါ ကျေးရွာ (၅) ရွာ၏ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုအခြေအနေသည် ရေရှည်တည်တံ့ရေးအတွက် နည်းပညာပိုင်းနှင့် ငွေကြေးထောက်ပံ့မှုတို့ ကူညီပံ့ပိုးပေးရန် လိုအပ်ချက်များရှိနေကြောင်း တွေ့ရှိရသည်။

## ၃။ ရည်ရွယ်ချက်

ငါးအလွန်အကျွံဖမ်းဆီးခြင်းကြောင့် ငါးများရှင်သန်ကျက်စားရာနေရာများ ဆုံးရှုံးခြင်းမရှိစေရန်၊ ပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းနှင့် ငါးမျိုးစုံပြောင်းလဲမှုကို ဖော်ထုတ်ရန်၊ ရေလုပ်သားများ၏ ဝင်ငွေ၊ အခြားအလုပ်အကိုင်များနှင့် တွဲဖက်လုပ်ကိုင်နိုင်မှု၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နိုင်မှုနှင့် အရင်းအနှီးလိုအပ်ချက်များကို သိရှိစေရန် ရည်ရွယ်ပါသည်။

ထို့အပြင် ရေလုပ်သားများ အဓိကရင်ဆိုင်နေသည့် အခက်အခဲ၊ စိန်ခေါ်မှုများကိုဖော်ထုတ်ပြီး ရေလုပ်ငန်း ရေရှည်တည်တံ့ရေး၊ ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

## ၄။ အချက်အလက်ကောက်ယူပုံနှင့် နည်းစနစ်များ



မြိတ်မြို့ရှိ ရေလုပ်သားများ၏ လူမှုစီးပွားအခြေအနေ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုကို သိရှိနားလည်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အချက်အလက်ကောက်ယူရာတွင် အဓိကအားဖြင့် လူမှုစစ်တမ်း (Social Survey)စနစ်ကို အသုံးပြုပြီး ရေလုပ်ငန်းလုပ်ကိုင်သူ (၁၀၄)ဦးကို တိုက်ရိုက်မေးမြန်းခဲ့သည်။ ထို့အပြင် မိုဘိုင်းလ်ဖုန်း Application အသုံးပြုကာ မေးခွန်းပုံစံ (Questionnaire) စနစ်ထည့်သွင်း၍ ကောက်ယူခဲ့သည်။ စုဆောင်းရရှိသော အချက်အလက်များကို ပမာဏအခြေခံဆန်းစစ်မှု (Quantitative Analysis) နည်းလမ်းကို အသုံးပြုထားပြီး ဂရပ်များ၊ ဇယားများဖြင့် ဖော်ပြထားပါသည်။

## ၅။ တွေ့ရှိချက်များ

### (၅.၁)။ ဖြေဆိုသူများ၏ အသက်အပိုင်းအခြား၊ ပညာရေးနှင့် နောက်ခံအချက်အလက်

စုစုပေါင်း ဖြေဆိုသူ (၁၀၄)ဦးရှိသည့်အနက် အမျိုးသား (၂၁)ဦး (၂၀) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၈၃)ဦး (၈၀) ရာခိုင်နှုန်းရှိရာ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုများနေသည်ကို တွေ့ရှိရသည်(ပုံ -၁)။

အကြောင်းမှာ အမျိုးသားရေလုပ်သားတို့သည် စက်လှေဖြင့် ပင်လယ်ပြင်သို့ထွက်၍ ငါးရှာဖွေဖမ်းဆီးနေရခြင်းကြောင့် ၎င်းတို့၏နေအိမ်တွင် အမျိုးသမီးအများစုသာ ကျန်နေခဲ့ခြင်းဖြစ်သည်။ အချို့အမျိုးသမီးတို့မှာ ကမ်းနီးငါးဖမ်းထွက်သည့်အခါ တစ်ခါတစ်ရံ လှေနောက်လိုက်ပါတတ်သလို အချို့မှာ ကုန်းပေါ်မှာပင် ငါးခြောက်ခွဲသည့် လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြသည်။

အချို့အမျိုးသမီးများသည် အိမ်ထောင်ဦးစီးအမျိုးသားမရှိတော့သဖြင့် ၎င်းတို့ကိုယ်တိုင် ကမာငုပ်ခြင်း၊ ဂွေးကောင်ဖမ်းခြင်း၊ ဈေးရောင်း/ဈေးဝယ်လုပ်ကိုင်ခြင်း၊ ငါးဖမ်းပိုက်ထိုးခြင်းတို့ကို လုပ်ကိုင်ကြသည်။




ပုံ(၁) ဖြေဆိုသူ ရေလုပ်သားအမျိုးသား/အမျိုးသမီးအရေအတွက် (ရာခိုင်နှုန်း)

မြိတ်မြို့ရေလုပ်လုပ်ငန်းနှင့် ပတ်သက်၍ ပါဝင်ဖြေဆိုသူများတွင် လူလတ်ပိုင်းအရွယ် (အသက် ၃၁-၆၀ နှစ်)မှာ (၈၂) ဦးဖြင့် အများဆုံးပါဝင်ပြီး သက်ကြီးပိုင်းအရွယ် (အသက် ၆၁ နှစ်အထက်)မှာ (၄)ဦးဖြင့် အနည်းဆုံး ပါဝင်သည်။ လူငယ်ပိုင်းအရွယ် (အသက် ၁၈-၃၀ နှစ်)မှာ (၁၈)ဦးဖြင့် ဒုတိယအများဆုံးရှိခြင်းကြောင့် ရေလုပ်ငန်းတွင် လူလတ်ပိုင်းအရွယ် ပါဝင်မှုနှုန်းမှာ အများဆုံးဖြစ်နေသည်ကို တွေ့ရှိရသည် (ပုံ-၂)။




ပုံ(၂) ဖြေသူဆို ရေလုပ်သားများ၏ အသက်အပိုင်းအခြား

လူငယ်များမှာ မိသားစုစားဝတ်နေရေးအတွက် ပြည်တွင်း/ပြည်ပသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေကြသည်ကို စစ်တမ်းကောက်ယူချက်အရ သိရှိရသည်။ ဖြေဆိုသူ အသက်အရွယ်ကြီးသူများသည် တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။ လူသားအရင်းအမြစ်အနေဖြင့် လူလတ်ပိုင်း များပြားနေသော်လည်း လူငယ်များပါဝင် လုပ်ကိုင်မှု အားနည်းနေခြင်းက အသက်မွေးဝမ်းကျောင်း မတည်ငြိမ်မှုကို ပိုမိုဆိုးရွားစေပါသည်။



ပညာအရည်အချင်းတွင် အလယ်တန်းအဆင့်မှာ (၄၆) ဦး၊ မူလတန်းအဆင့်မှာ (၃၉)ဦး၊ အထက်တန်းအဆင့်မှာ (၁၃)ဦး၊ အထက်တန်းအောင် နှစ်ဦးနှင့် ဘွဲ့ရသူတစ်ဦး ပါဝင်နေကြသည်။ ထို့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ဘကကျောင်း)တက်ရောက်ခဲ့သူ နှစ်ဦးရှိသလို ကျောင်းမနေဖူးသူ တစ်ဦးလည်း ပါဝင်နေသည်။ ပညာရေးပိုင်းတွင် အားနည်းချက်များရှိနေသေးသောကြောင့် အခြားအလုပ်အကိုင်မျိုးစုံ၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ခြင်း စသည့် အလုပ်အကိုင်များကို လုပ်ကိုင်နိုင်မှုစွမ်းရည် လျော့နည်းကျဆင်းစေသည် (ပုံ -၃)။




ပုံ(၃) ဖြေဆိုသူ ရေလုပ်သားများ၏ ပညာအရည်အချင်း

## (၅.၂)။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်မှု အခြေအနေ

မြိတ်မြို့သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သဖြင့် ကမ်းနီးနှင့်ကမ်းဝေး ငါးဖမ်းခြင်းဟူ၍ နှစ်မျိုးခွဲခြားထားပြီး ငွေကြေးရင်းနှီးမြှုပ်နှံနိုင်သည့် ရေလုပ်ငန်းရှင်များမှာ စက်လှေအကြီးများနှင့် ကမ်းဝေးငါးဖမ်းခြင်းကို လုပ်ကိုင်ကြသလို အသေးစား၊ အလတ်စား ရေလုပ်ငန်းရှင်တို့မှာ စက်လှေအသေးများဖြင့် တစ်ပိုင်တစ်နိုင် ကမ်းနီးငါးဖမ်းခြင်းအလုပ်ကို လုပ်ကိုင်ကြသည်။



ဖြေဆိုသူများအနက် ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ (၁၀၂)ဦး၊ (၉၈)ရာခိုင်နှုန်းနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ (၂)ဦး၊ (၂)ရာခိုင်နှုန်းတို့ဖြစ်ကြရာ ကမ်းဝေးထက် ကမ်းနီးငါးဖမ်းခြင်းအလုပ်ကို ပိုမိုလုပ်ကိုင်နေကြသည်(ပုံ-၄)။




ပုံ(၄)
ကမ်းနီး/ကမ်းဝေးငါးရှာဖွေဖမ်းဆီးခြင်းကို နှိုင်းယှဉ်ခြင်း (ရာခိုင်နှုန်း)

စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာ(၅)ရွာမှ ရေလုပ်သားအများစုမှာ ငွေးပိုက်ထောင်ခြင်း၊ ကမာငုတ်ခြင်းနှင့် ကမ်းနီးငါးဖမ်းဆီးခြင်းအလုပ်များကို လုပ်ကိုင်လျက်ရှိသည်။ အသုံးပြုသည့် ကိရိယာများမှာ ပိုက်အကြီး/အသေး၊ ဆူးချွန်(ဒေသအခေါ်ဆူး)၊ အောက်ဆီဂျင်အိုး(ကမာငုပ်ခြင်း)စသည်တို့ကို အသုံးပြုကြပြီး ပိုက်အသုံးပြုမှု ပိုများသည်ကို တွေ့ရှိရသည်။

ဖမ်းဆီးရမိသည့် ငါးနှင့် ရေနေသတ္တဝါအမျိုးအစားများမှာ ကင်းမွန်၊ ငါးခွေးလျှာ၊ ရေဘဝဲ၊ သပြေခေါက်ကြီး၊ ရေကြည်ငါး၊ ငါးကွမ်းရှပ်(ဒေသအခေါ် ဘောက်ကြီး)၊ ငွေးကောင်၊ ကမာ၊ ကဏန်း(သဲကဏန်း၊ ဝသုံးလုံးကဏန်း)၊ ကကတစ်(ဒေသအခေါ် ကဘား/ကဘောင်း)၊ ကဗျစ်၊ ခတ်ခယ်(ခေါက်ခယ်)၊ စလွယ်၊ ဘီးကျဲ၊ ပကန်း၊ ခရု၊ မြကြိုးလိမ်၊ ကမြူး၊ စလုတ်သားငယ်၊ ကြိမ်မွေသား၊ ဘီးစိပ်၊ ပရင်းနီ၊ ရေခူ၊ ငါးပုတ်သင်(ဒေသအခေါ် ကဗျက်/ဗျက်ခေါက်ကြီး)၊ ငါးသလောက်၊ ငါးမုတ်ဖြူ/ငါးမုတ်မဲ၊ ကင်းမွန်ဂန်ဒူး၊ ငါးပလွေ(ကုလားငါး)၊ ဒါးလွယ်၊ ဇာပျစ်ကြီး၊ ငါးပါးနီ၊ ငါးရှေ၊ ငါးတံခွန်(ဒေသအခေါ် ခွန်ငယ်)၊ ဇီယော၊ ငါးစင်ရိုင်း၊ ပင်လယ်ငါးခူ၊ ကျောက်ငါး၊ ငါးလိပ်ကျောက်၊ ကင်းပုစွန်(ဒေသအခေါ် မိုင်းဒါး) စသည့် မျိုးစိတ်ပေါင်း (၅၀) ကျော် ရှိကြသည်။



ဖြေဆိုသူရေလုပ်သားများအနက် ငါးဖမ်းစက်လှေအသေးပိုင်ဆိုင်သူမှာ (၈၆)ဦးရှိပြီး စက်လှေအကြီးပိုင်ဆိုင်သူမှာ (၁၇)ဦးရှိသည်ကို တွေ့ရှိရသည်။ ငါးဖမ်းစက်လှေလုံးဝမပိုင်ဆိုင်သူ တစ်ဦးရှိပြီး ၎င်းမှာ ကမာငုတ်သူတစ်ဦးဖြစ်သည်(ပုံ-၅)။




ပုံ(၅) ငါးဖမ်းစက်လှေအကြီး/အသေးပိုင်ဆိုင်သူ ရေလုပ်သားဦးရေ

ထို့အပြင် ငါးဖမ်းပိုက်တစ်ဖုံမှ နှစ်ဖုံအတွင်းပိုင်ဆိုင်သူမှာ (၅၇)ဦး၊ (၅၅)ရာခိုင်နှုန်းဖြင့် အများဆုံးရှိကြပြီး ပိုက်သုံးဖုံမှ ငါးဖုံအတွင်း ပိုင်ဆိုင်သူ (၂၄)ဦး၊ (၂၃)ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး ရှိကြသည်။ ပိုက်ငါးဖုံအထက် ပိုင်ဆိုင်သူ (၁၆)ဦး၊ (၁၅)ရာခိုင်နှုန်း၊ ပိုက်လုံးဝမရှိသူ (၆)ဦး၊ (၆)ရာခိုင်နှုန်းနှင့် ဆူးချွန်အသုံးပြုသူတစ်ဦး ရှိကြသည်(ပုံ-၆)။

ငါးဖမ်းပိုက် လုံးဝမရှိသူများသည် ကမာငုပ်ခြင်းလုပ်ငန်းကို အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် အမှီပြုလုပ်ကိုင်နေကြပြီး ဆူးချွန်အသုံးပြုသူတစ်ဦးမှာလည်း တစ်ပိုင်တစ်နိုင် ငါးဖမ်းဆီးရှာဖွေခြင်းဖြင့်သာ ဘဝရပ်တည်ရေးကို ရုန်းကန်နေကြရပါသည်။




ပုံ(၆) ဖြေဆိုသူရေလုပ်သားများ ပိုက်ပိုင်ဆိုင်မှုပြဇယား

ငါးဖမ်းပိုက်ပိုင်ဆိုင်မှုနှင့်အတူ ပိုက်ဝယ်ယူရာတွင် ကုန်ကျသည့်စရိတ်မှာလည်း ရေလုပ်သားတစ်ဦးနှင့် တစ်ဦးအကြား မတူညီကြပေ။ ပိုက်တန်ဖိုး ကျပ်(၅)သိန်းအောက် ကုန်ကျသည်ဟုဖြေဆိုသူ (၃၇)ရာခိုင်နှုန်း၊ ကျပ်(၅-၁၀)သိန်းကြား ကုန်ကျသူမှာ (၅၁)ရာခိုင်နှုန်း၊ ကျပ် (၁၀-၃၀)သိန်းကြား ကုန်ကျသူမှာ (၇)ရာခိုင်နှုန်း နှင့် ကျပ် (၅၀- ၁၀၀)သိန်းကြား ကုန်ကျသူမှာ (၅)ရာခိုင်နှုန်းရှိသည်(ပုံ -၇)။

ကျပ်(၃၀-၅၀)သိန်းကြား ကုန်ကျမှုစစ်တမ်းမေးခွန်းကို ထည့်သွင်းမေးမြန်းခဲ့သော်လည်း ယင်းအကြား ကုန်ကျသူ တစ်ယောက်မျှမရှိပေ။ ကုန်ကျသည့်စရိတ် မတူညီကြခြင်းမှာ ငွေးပိုက်တစ်ဖုံလျှင် ကျပ်(၃)သိန်းခွဲ၊ ငါးကြီးဖမ်းပိုက်(ပိုက်ကြမ်း)တစ်ဖုံလျှင် ကျပ်(၅)သိန်းကျော်၊ ဆူးချွန်ဝယ်ယူရာတွင် ကျပ်(၁)သိန်းကျော်၊ ကဏန်းခံတစ်ခုလျှင် ကျပ်(၅)သိန်းနှင့် အောက်ဆီဂျင်အိုးတစ်အိုးလျှင် ကျပ်သိန်း(၇၀) စသည်ဖြင့် ဈေးနှုန်း မတူညီမှုနှင့် ပိုက်ပိုင်ဆိုင်မှုအရေအတွက် ကွဲပြားခြင်းတို့ကြောင့် ကုန်ကျစရိတ် မတူညီကြခြင်းဖြစ်သည်။




ပုံ(ဂ) ငါးဖမ်းပိုက်ဝယ်ယူရာတွင် ကုန်ကျမှုတန်ဖိုး(ရာခိုင်နှုန်း)

## (၅.၃)။ ဝင်ငွေ၊ ကုန်ကျစရိတ်နှင့် ငါးဖမ်းဆီးရရှိမှု အခြေအနေ

မြိတ်မြို့ရှိ ကလွင်အရှေ့ကုန်း၊ အထူးဆိပ်၊ ကျောက်ဖျာ၊ နတ်သျှင်သန်၊ ဝန်ဖို့ စသည့်ကျေးရွာများမှ ဒေသခံရေလုပ်သားများသည် ကမ်းနီးငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာတွင် စက်လှေအကြီးပိုင်ဆိုင်သူတို့မှာ တစ်လလျှင် နှစ်ကြိမ်(တစ်ကြိမ်လျှင် ၁၅ ရက်)၊ စက်လှေအသေးပိုင်ဆိုင်သူတို့မှာ တစ်ရက်လျှင်တစ်ကြိမ် စသည့်ဖြင့် ဖမ်းဆီးလုပ်ကိုင်ကြသည်။ သို့သော် ကွေးပိုက်ထောင်သည့်စက်လှေအသေးတို့မှာ တစ်ရက်လျှင် (၄)ကြိမ် ဖမ်းဆီးလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် ရေလုပ်သားတို့မှာ စက်လှေ တစ်ကြိမ်ထွက်ပါက (၃)လခန့်ကြာမြင့်နိုင်ပြီး ရာသီဥတုအပေါ်မူတည်၍ ငါးဖမ်းသည့်ရက် ကြာမြင့်နိုင်ကြောင်း ဒေသခံရေလုပ်သားများက ပြောသည်။



ငါးဖမ်းတစ်ကြိမ်ထွက်လျှင် ရရှိသည့် ဝင်ငွေအပေါ် မေးမြန်းရာ ဖြေဆိုသူရေလုပ်သားများအနက် ကျပ်(၁၀၀,၀၀၀-၅၀၀,၀၀၀)ရရှိသူ (၇၉)ဦး၊ (၇၆)ရာခိုင်နှုန်း၊ ကျပ်(၅၀၀,၀၀၀-၁,၀၀၀,၀၀၀)ရရှိသူ (၁၉)ဦး၊ (၁၈)ရာခိုင်နှုန်း၊ ကျပ်(၁,၀၀၀,၀၀၀-၁,၅၀၀,၀၀၀) ရရှိသူ (၄)ဦး၊ (၃)ရာခိုင်နှုန်းနှင့် ကျပ်(၂,၀၀၀,၀၀၀-၂,၅၀၀,၀၀၀) ရရှိသူ (၂)ဦး၊ (၂)ရာခိုင်နှုန်း ရှိကြသည်(ပုံ-၈)။

ဒေသခံရေလုပ်သားတို့အကြား ငါးဖမ်းဆီးသည့်ရက် မတူညီကြခြင်းကြောင့် ဝင်ငွေရရှိမှုမှာလည်း မတူညီကြပေ။ ဥပမာအနေဖြင့် ငါးဖမ်းစက်လှေအကြီးမှာ (၁၅)ရက်တစ်ကြိမ်ထွက်သည်ဆိုပါက ဝင်ငွေ ကျပ်(၅)သိန်း ရသည်ဆိုလျှင် ၎င်းတို့၏ တစ်ရက်ဝင်ငွေမှာ ကျပ် (၃၀,၀၀၀)ကျော် ရရှိကြသည်။ ငါးဖမ်းစက်လှေအသေးပိုင်ဆိုင်သူတို့မှာ တစ်ရက်လျှင်တစ်ကြိမ် ဖမ်းဆီးခြင်းကြောင့် ၎င်းတို့၏ပျမ်းမျှဝင်ငွေသည် ကျပ်တစ်သိန်းဝန်းကျင်ခန့် ရှိကြသော်လည်း ငါးဖမ်းဆီးရမိမှုအပေါ်မူတည်၍ ကွဲပြားကြသည်။ ဓွေးပိုက်ထောင်သည့် ရေလုပ်သားတို့မှာ တစ်ရက်လျှင် လေးကြိမ် ဖမ်းဆီးကြခြင်းကြောင့် တစ်ရက်ဝင်ငွေမှာ ကျပ် (၅၀၀၀၀) မှ (၁၀၀,၀၀၀)အကြား ရရှိကြသည်ဟု ဖြေဆိုကြသည်။ သို့သော် ဓွေးကောင် ဖမ်းဆီးရမိမှု အပေါ်မူတည်၍ ဝင်ငွေအနည်းအများ ကွာခြားလျက်ရှိသည်။

အသုံးပြုကြသည့် ငါးဖမ်းကိရိယာ၊ စက်လှေအကြီး/အသေးနှင့် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှုအပေါ်မူတည်၍ ဝင်ငွေရရှိမှု ကွာခြားနေခြင်းကြောင့် ၎င်းရေလုပ်သားတို့အကြား ဝင်ငွေမညီမျှမှုဖြစ်ပေါ်နေသည်ကို သုတေသနစာတမ်းတွင် တွေ့ရှိရသည်။




ပုံ(၈) ဖြေသူရေလုပ်သားများ ငါးဖမ်းဆီးမှုမှရရှိသည့် ပျမ်းမျှဝင်ငွေ(ရာခိုင်နှုန်း)

ကိုယ်ပိုင်ငါးဖမ်းစက်လှေဖြင့် ငါးဖမ်းထွက်သည့်အခါ ကုန်ကျစရိတ်မည်မျှရှိသည်ကို မေးမြန်းခဲ့ရာ ဖြေဆိုသူရေလုပ်သားများအနက် ကျပ်တစ်သိန်းအောက်ကုန်ကျသူ (၈၀)ဦး၊ (၇၈)ရာခိုင်နှုန်းမှာ အများဆုံးဖြစ်ပြီး ကျပ်(၁-၅)သိန်းကြား ကုန်ကျသူ (၁၈)ဦး၊ (၁၇)ရာခိုင်နှုန်းမှာ ဒုတိယအများဆုံးဖြစ်ကြသည်။ ထို့နောက် ကျပ်(၅-၁၀)သိန်းကြား ကုန်ကျသူ (၃)ဦး၊ (၃)ရာခိုင်နှုန်းနှင့် ကျပ်(၁၀)သိန်းအထက် ကုန်ကျသူ (၂)ဦး၊ (၂)ရာခိုင်နှုန်း ရှိကြသည်(ပုံ-၉)။

ဖြေဆိုသူရေလုပ်သားများတွင် ကုန်ကျစရိတ်မရှိဟုဖြေဆိုသူတစ်ဦးလည်းပါဝင်နေပြီး ၎င်းမှာ ကမာငုတ်သည့်အလုပ်ကိုသာ လုပ်ကိုင်ခြင်းကြောင့် ကုန်ကျစရိတ်လုံးဝမရှိဟု ဖြေဆိုခဲ့ကြောင်း တွေ့ရပါသည်။

ငါးထွက်ဖမ်းသည့်ရက် အနည်း/အများအပေါ်မူတည်၍ နေ့စဉ်စားသောက်စရိတ်၊ အလုပ်သမားစရိတ်၊ စက်လှေဆီဖိုး စသည့်တို့ကွာခြားမှုရှိသောကြောင့် ကုန်ကျစရိတ်များမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြခြင်း ဖြစ်သည်။ ဖြေဆိုသူများအနက် ငါးဖမ်းစက်လှေ တစ်ကြိမ်ထွက်ပါက ကျပ်သောင်းဂဏာန်းဝန်းကျင်သာ ကုန်ကျစရိတ်ရှိသည်ဟု ဖြေဆိုသူများလည်းပါဝင်ကြပြီး ၎င်းတို့မှာ ငါးထွက်ဖမ်းသည့်အခါ ပိုက်ချထား၍ နေအိမ်ပြန်ထမင်းစားသောက်ကြသဖြင့် ဆီဖိုးသာကုန်ကျမှုရှိသည်ဟု ဖြေဆိုကြသည်။




ပုံ(၉) တစ်ကြိမ်ငါးဖမ်းထွက်ရာတွင် ကုန်ကျစရိတ်ဖြေဆိုသူဦးရေ

ဖြေဆိုသူရေလုပ်သားအများစုသည် ကင်းမွန်၊ ပုစွန်၊ ကကန်း၊ ရွှေးကောင်၊ ကမာ၊ ရေကြည်ငယ်၊ ငါးဗျက်၊ ငါးစင်ရိုင်း စသည့်ငါးအမျိုးအစားတို့ကို ဖမ်းဆီးရမိကြပြီး တစ်ကြိမ် ငါးဖမ်းစက်လှေထွက်ပါက ပိဿာချိန် (၁၀-၃၀)ကြားရရှိသူ (၃၃) ဦး၊ ပိဿာချိန် (၃၀-၅၀)ကြားရှိသူ (၃၆) ဦး၊ ပိဿာချိန် (၅၀-၁၀၀) ကြားရရှိသူ (၂၅) ဦး၊ ပိဿာချိန် (၁၀၀)အထက်ရရှိသူ (၆) ဦးတို့ ရှိကြသည်။ ဖြေဆိုသူများအနက် ဖမ်းဆီးရမိသည့် ငါးပိဿာချိန် အတိအကျမသိရှိရသူ (၄) ဦးရှိပြီး ၎င်းတို့မှာ ကမာငုတ်သည့်အလုပ်ကို လုပ်ကိုင်ကြခြင်း ဖြစ်သည်(ပုံ-၁၀)။

အဆိုပါ ရေလုပ်သား (၄)ဦးမှာ မြိတ်မြို့၊ ကျောက်ဖျာကျေးရွာတွင် နေထိုင်သူများဖြစ်ပြီး စက်လှေအသေး ပိုင်ဆိုင်ကြသော်လည်း ငါးဖမ်းပိုက်အပိုင်မရှိခြင်းကြောင့် ၎င်းတို့မှာ ရေငုတ်ပြီး ကမာကောင်၊ ကျောက်ငါး၊ ငါးလိပ်ကျောက်နှင့် ကကန်းတို့ကို ရှာဖွေဖမ်းဆီးကာ အသက်မွေးဝမ်းကျောင်း ပြုနေကြသည်ကို တွေ့ရပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် ဝင်ငွေရရှိမှုကြက္ကာအတိုင်းပင် ဖြေဆိုသူရေလုပ်သားများသည် ငါးဖမ်းထွက်သည့် ရက်၊ အကြိမ်အရေ မတူညီကြခြင်းကြောင့် ဖမ်းဆီးရမိသည့် ငါးပိဿာချိန်မှာလည်း မတူညီကြပေ။ ငါးပိဿာချိန်အများဆုံးရရှိသည်ဟု ဖြေဆိုသူများတွင် ငွေးကောင်ဖမ်းဆီးကြသူများလည်း ပါဝင်နေကြသည်။ ငွေးပိုက်စက်လှေတစ်ရက် (၄)ကြိမ်ထွက်ပါက အများဆုံးရရှိသည့် ပိဿာချိန်မှာ (၁၀၀) ခန့်ရှိပြီး အနည်းဆုံး ပိဿာချိန် (၄၀-၅၀) ရရှိကြသည်ဟု ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ ငါးဖမ်းဆီး ရမိမှုအပေါ် မူတည်၍ ငါးပိဿာချိန်အရေအတွက်မှာကွဲပြားနေပြီး ကမာငုပ်သူတို့ပါဝင်နေကြခြင်းကြောင့် ငါးပိဿာချိန် အတိအကျရရှိရန် အားနည်းနေသေးသည်။




ပုံ(၁၀) ဖြေဆိုသူ ရေလုပ်သားများ ဖမ်းဆီးရမိသည့် ငါးပိဿာချိန်



ထို့နောက် ဖမ်းဆီးရမိသည့် ငါးသယံဇာတများကို ရေလုပ်သားတို့က နေရာအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ရောင်းချကြရာတွင် ငါးအဝယ်ဒိုင်ကို ရောင်းချသူ (၄၈)ဦး၊ ကိုယ်တိုင်ကိုယ်ကျရောင်းချသူ (၃၃)ဦး၊ ပွဲစားမှတစ်ဆင့်ရောင်းချသူ (၂၂)ဦးနှင့် ငါးခြောက်ဒိုင်ကို ရောင်းချသူ တစ်ဦးရှိကြသည်ကို တွေ့ရှိရသည်(ပုံ -၁၁)။




ပုံ(၁၁) ငါးရှာဖွေ ဖမ်းဆီး ရောင်းချသည့် နေရာအမျိုးအစား

ရေလုပ်သားအများစုက ငါးအဝယ်ဒိုင်ကို ရောင်းချရခြင်းမှာ ဖမ်းမိရသမျှငါးများကို အကုန်ဝယ်ယူခြင်း၊ ကျေးရွာအထိ လာရောက်ဝယ်ယူခြင်း၊ ငွေအလုံးအရင်းရခြင်းကြောင့် စားဝတ်နေရေး အဆင်ပြေခြင်းနှင့် ငွေကြိုထုတ်ယူ၍ ရခြင်းတို့ကြောင့် ရောင်းချကြသည်ကို တွေ့ရှိရသည်။ ထို့အပြင် ဈေးနှင့်နီးခြင်း၊ ဈေးပိုရ ရှိခြင်းကြောင့် ကိုယ်တိုင်ကိုယ်ကျရောင်းချကြသူများ ရှိသလို အပြင်ထွက်ရန် သွားလာရေး အဆင်မပြေသူများနှင့် ငွေကြိုထုတ်ယူလို့ရခြင်းကြောင့် ပွဲစားမှတစ်ဆင့် ရောင်းချသူများလည်း ရှိကြသည်။



## (၅.၄)။ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအပေါ်မှီခိုနေရမှု

ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာ(၅)ရွာရှိ ရေလုပ်သားများသည် ငါးရှာဖွေဖမ်းဆီးသည့်ကာလများမှာ မတူညီကြပေ။ ငါးဖမ်းစက်လှေ အကြီး/အသေးအပေါ်မူတည်၍ ရှာဖွေဖမ်းဆီးသည့်ကာလ ကွဲပြားကြသလို ငါးများရှင်သန်ကျက်စားရာနေရာအလိုက် လိုက်လံရှာဖွေဖမ်းဆီးနေရခြင်းနှင့် ရာသီဥတုအခြေအနေအပေါ် မူတည်၍ ရှာဖွေဖမ်းဆီးနေကြရသည်။



ဖြေဆိုသူရေလုပ်သားများအနက် (၇၉)ဦးမှာ တစ်နှစ်ပတ်လုံး ငါးရှာဖွေဖမ်းဆီးကြသူများဖြစ်ကြပြီး (၉) လဖမ်း (၃) လနားသူ (၁၇) ဦး၊ (၈) လဖမ်း (၄) လနားသူ (၆) ဦး၊ (၁၀) လဖမ်း (၂) လနားသူနှင့် (၃) လဖမ်း၊ (၉) လနားသူ တစ်ဦးစီ ရှိကြသည်(ပုံ-၁၂)။

အဆိုပါကောက်ယူရရှိသည့်စစ်တမ်းအရ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်ပတ်လုံး ငါးဖမ်းဆီးရှာဖွေသောရေလုပ်သားမှာ အများဆုံးဖြစ်ကြပြီး (၉)လဖမ်းပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ် (၃)လနားသူများရှိသလို အချို့မှာ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ ငါးဖမ်းဆီးရှာဖွေခြင်း ရပ်နားကြသည်ကို တွေ့ရသည်။ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ် (၄)လနားပြီး ကျန် (၈)လအတွင်း၌သာ ရေလုပ်ငန်းလုပ်ကိုင်သူများရှိသလို ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ (၃)လဖမ်းပြီး ကျန် (၉)လ နားကြသူများနှင့် မိုးရာသီကာလ ဇွန်၊ ဇူလိုင် (၂)လနား၍ ကျန် (၁၀) လအတွင်း ရေလုပ်ငန်းလုပ်ကိုင်ကြသူများလည်း ရှိကြသည်။




ပုံ(၁၂) ငါးသယံဇာတ ရှာဖွေဖမ်းဆီးသည့် ကာလ ကွဲပြားခြားနားပုံ

ငါးသယံဇာတအလွန်အကျွံဖမ်းဆီးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် ငါးသယံဇာတလျော့နည်းသွားခြင်း ရှိ/မရှိ မေးမြန်းရာ ရှိသည်ဟုဖြေဆိုသူ (၅၀)ဦး၊ (၄၈)ရာခိုင်နှုန်းရှိပြီး ငါးသယံဇာတ လျော့နည်းခြင်း မရှိဟုဖြေဆိုသူ (၅၄) ဦး၊ (၅၂)ရာခိုင်နှုန်း ရှိကြသည်(ပုံ -၁၃)။




ပုံ(၁၃) ငါးသယံဇာတလျော့နည်းသွားခြင်း ရှိ/မရှိ ဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)

ထိုသို့ ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် ရှိသည်ဟုဖြေဆိုသူ ရေလုပ်သားတို့မှာ ရာသီအလိုက် ငါးဖမ်းဆီးရမိနှုန်းကျဆင်းသွားခြင်း၊ ငါးရရှိမှုနှုန်း လျော့နည်းသွားသည့်အတွက် ဝင်ငွေလျော့နည်းသွားကာ စားဝတ်နေရေးအခက်အခဲများနှင့် ချေးငွေပြန်မဆပ်နိုင်ခြင်း စသည့် အခက်အခဲများဖြစ်ပေါ်သည်ကို တွေ့ရှိရသည်။

မရှိဟုဖြေဆိုသူ ရေလုပ်သားတို့မှာလည်း အထက်ပါအခက်အခဲများကို အနည်းနှင့် အများ ကြုံတွေ့နေရသော်လည်း ၎င်းတို့မှာ ရေလုပ်ငန်းအပြင် စိုက်ပျိုးမွေးမြူရေး၊ နေ့စားအလုပ်လုပ်ကိုင်ခြင်း၊ ဈေးရောင်း/ဈေးဝယ်ပြုလုပ်ခြင်း စသည့်အလုပ်အကိုင်များ လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။

## (၅.၅)။ ရင်ဆိုင်နေရသော အစိကစိန်ခေါ်မှုများ



စစ်တမ်းကောက်ယူခဲ့သည့် မြိတ်မြို့ ကျေးရွာ(၅)ရွာရှိ ရေလုပ်သားတို့မှာ ကုန်ဈေးနှုန်း၊ လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းကို အစိကရင်ဆိုင်နေကြရပြီး စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများ၊ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ငါးအရနည်းပြီး ဝင်ငွေလျော့နည်းလာခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

ဖြေဆိုသူရေလုပ်သားများအနက် ကုန်ဈေးနှုန်း/လောင်စာဆီဈေးနှုန်းမြင့်တက်လာသည်ဟု ဖြေသူ (၄၀)ဦး၊ စားဝတ်နေရေးအခက်အခဲ/ချေးငွေယူရသည်ဟုဖြေသူ (၂၉)ဦး၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း/ဝင်ငွေ လျော့နည်းခြင်းရှိဟုဖြေသူ (၁၄)ဦး၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ငါးအရနည်းလာသည်ဟု ဖြေသူ (၁၀)ဦး၊ လောင်စာဆီဈေးနှုန်းမြင့်တက်လာပြီး ဝင်ငွေလျော့နည်းလာသည်ဟု ဖြေသူ (၈)ဦးနှင့် စားဝတ်နေရေး/ပညာရေး/ကျန်းမာရေး အခက်အခဲရှိဟု ဖြေသူ (၃)ဦးတို့ ရှိသည်ကိုတွေ့ရသည်(ပုံ-၁၄)။




ပုံ(၁၄) ကမ်းနီး/ကမ်းဝေးငါးဖမ်းလုပ်ငန်းတွင် ရင်ဆိုင်နေရသောအစိကစိန်ခေါ်မှုများ

## (၅.၆)။ ချေးငွေ




ပုံ(၁၅) ဖြေဆိုသူရေလုပ်သားများ ချေးငွေရယူထားခြင်း ရှိ/မရှိ ပြသမှု(ရာခိုင်နှုန်း)

ဖြေဆိုသူရေလုပ်သားများအနက် ချေးငွေရယူခဲ့သူ (၅၅) ဦး (၅၃)ရာခိုင်နှုန်းနှင့် ချေးငွေမယူခဲ့သူ (၄၉) ဦး (၄၇)ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရသည်(ပုံ-၁၅)။

အတိုးနှုန်းမှာ တစ်လလျှင် (၅-၁၀)ကျပ်ဖြစ်ကြပြီး အများစုက ပုဂ္ဂလိကချေးငွေ(သို့မဟုတ်) အစိုးရဘဏ်ချေးငွေကို ရယူကြပြီး ကျေးရွာထဲမှ အတိုးနှုန်း (၁-၃)ကျပ်ဖြင့် ချေးယူထားကြသူများလည်း ရှိကြသည်။ အဆိုပါ အတိုးနှုန်း ကျပ်(၅-၁၀)သည် တရားဝင်ဘဏ်ချေးငွေနှုန်းထက် အဆများစွာမြင့်မားပြီး ဝင်ငွေ မတည်ငြိမ်သော ရေလုပ်သားများအတွက် အကြွေးသံသရာထဲတွင် ပိုမိုနစ်မွန်းစေနိုင်ပါ သည်။

## ၆။ သုံးသပ်ချက်

သုတေသနပြုချက်အရ စစ်တမ်းကောက်ယူခဲ့သည့် မြိတ်မြို့ရှိ ကျေးရွာ(၅)ရွာမှ ရေလုပ်သားများ၏ ဘဝ ရပ်တည်မှုသည် သဘာဝသယံဇာတနှင့် ရာသီဥတုအခြေအနေပေါ်တွင်မူတည်ပြီး "ရှင်သန်ရပ်တည်ရုံမျှသာ ရှိသောအဆင့်"တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ရေလုပ်သားတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းစဉ် တစ်ခုလုံးကို ပြန်လည်သုံးသပ်ရလျှင် အဓိကအချက် (၃)ချက်ကို တွေ့ရသည်။

### (၆.၁) အလုပ်အကိုင်နှင့် ဝင်ငွေခိုင်မာမှု

ရေလုပ်သားများသည် ငါးဖမ်းလုပ်ငန်းကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်တွဲဖက်လုပ်ကိုင်ကာ ဝင်ငွေရ လမ်းကို ခွဲခြမ်းထားသော်လည်း ငါးဖမ်းတစ်ကြိမ်ထွက်ရှိခြင်းဖြင့် ရရှိသည့်အခြေခံဝင်ငွေမှာ ကျပ်တစ်သိန်း အောက်ရရှိခြင်းမှာ အများဆုံးဖြစ်နေသဖြင့် မိသားစုစားဝတ်နေရေးနှင့် ၎င်းတို့၏ကလေးများ ပညာရေး အတွက် ရေရှည်ခိုင်မာမှုကို အားနည်းနေလျက်ရှိသည်။ ရေလုပ်သားအများစုသည် အလယ် တန်းအဆင့်ထိသာ ပညာသင်ကြားခဲ့ရခြင်းနှင့် အလုပ်လုပ်နိုင်ဆုံးအရွယ် (၃၁-၆၀ နှစ်) ပေါင်းစပ်မှုသည် နည်းပညာလက်ခံနိုင် စွမ်းကို နည်းပါးစေသည်။



ငါးသယံဇာတ အလွန်အကျွံဖမ်းဆီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုက ငါးမျိုးစိတ်များကို လျော့နည်းကျဆင်းစေပြီး ရေလုပ်ငန်း၏အဓိကအရင်းအမြစ်ကို ပျက်စီးစေသည်။ အမျိုးသမီး (၈၀)ရာခိုင်နှုန်း ပါဝင်ဖြေဆိုခြင်းသည် အမျိုးသမီးများ၏ မိသားစုစီးပွားရေးပံ့ပိုးပေးနိုင်မှုအခန်းကဏ္ဍ (ငါးခြောက်ခွဲခြင်း၊ ကမာငုပ်ခြင်းစသည်)ကို ပွင့်လင်းစွာဖော်ပြနိုင်ခဲ့ပြီး အဓိကအနေဖြင့် အသေးစားရေလုပ်ငန်း လုပ်ကိုင်သူတို့မှာ ဝင်ငွေမတည်ငြိမ်ခြင်းကြောင့် မိသားစု၏ စီးပွားရေးခံနိုင်ရည်အား (Economic Resilience) ကို လျော့ကျစေသည်ကို တွေ့ရှိရသည်။

စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာများအနက်မှ နတ်သျှင်သန့်ရွာနှင့် ကျောက်ဖျာရွာရှိ အချို့အမျိုးသမီးများသည် အိမ်မှုကိစ္စလုပ်ကိုင်ခြင်းနှင့်အတူ ငါးဖမ်းပိုက်ရက်လုပ်ကာ တစ်ဖက်တစ်လမ်းမှ စားဝတ်နေရေးအခက်အခဲများကို ပြေလည်အောင်ဖြေရှင်းနေကြသည်။

## (၆.၂) နည်းပညာနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု

လက်ရှိတွင် မိရိုးဖလာနည်းစနစ်နှင့် ငါးဖမ်းကိရိယာများကိုသာ အဓိကအားထားနေရပြီး ငါးဖမ်းဆီးသူများအနက် လူနည်းစုသာ တန်ဖိုးမြှင့်ထုတ်ကုန် (Value-added products) ထုတ်လုပ်နိုင်သေးသည်ကို တွေ့ရပါသည်။ ဖြေဆိုသူရေလုပ်သားအများစုသည် ငွေးကောင်၊ မျှင်ကောင်များကို ဖမ်းဆီးပြီး မျှင်ငါးပိထောင်း၍ ပွဲစားများထံ ကုန်ကြမ်းအနေဖြင့်သာ ဈေးနည်းနည်းဖြင့် ရောင်းချလျက်ရှိသည်။ အဆင့်မြင့်နည်းပညာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်စွမ်း မရှိကြသေးပေ။



ထို့အပြင် ငါးပိ၊ ငါးခြောက်ကဲ့သို့သောထုတ်ကုန်များကို ရေလုပ်သားများကိုယ်တိုင် လုပ်ကိုင်ကြသူ နည်းပါးလျက်ရှိသည်။ အထူးသဖြင့် ငါးခြောက်ဒိုင်များသာ ငါးအဝယ်ကောက်ပြီး လုပ်ကိုင်ကြသည်။ ထိုသို့ ရှိနေခြင်းကြောင့် ငါးသယံဇာတများမှ ရသင့်ရထိုက်သော အကျိုးအမြတ်ကို အပြည့်အဝမရရှိသလို ငါးဖမ်းဆီး ရမိမှုပေါများချိန်တွင်လည်း ဈေးနှိမ်ခံရခြင်းနှင့် လေလွင့်ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေသည်။



## (၆.၃) အနာဂတ်မျှော်မှန်းချက်နှင့် လိုအပ်ချက်များ

ဒေသခံရေလုပ်သားများသည် ငါးခြောက်လုပ်ငန်းကဲ့သို့သော တန်ဖိုးမြင့်နည်းပညာများကို သင်ယူလို သည့် စိတ်အားထက်သန်မှုရှိနေခြင်းမှာ အပြုသဘောဆောင်သော အချက်တစ်ချက်လည်းဖြစ်သည်။ သို့သော် လှေနှင့်ငါးဖမ်းကိရိယာမပြည့်စုံခြင်း၊ ရင်းနှီးမြှုပ်နှံရာတွင် ငွေကြေးအရင်းအနှီးနည်းပါးခြင်း၊ ဈေးကွက်ချိတ် ဆက်မှုအားနည်းခြင်း စသည့်အချက်များရှိနေခြင်းမှာ ကြီးမားသောအတားအဆီးများ ဖြစ်ပေါ်နေလျက်ရှိသည်။ ကောက်ယူထားသည့်သုတေသနရလဒ်များအရ မြိတ်မြို့ရှိရေလုပ်ငန်းသည် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြသည် ဆိုသော်လည်း ငါးသယံဇာတအလွန်အကျွံဖမ်းဆီးခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကြောင့် ငါးဖမ်းလုပ်ကွက် ရှားပါးလာသည့် ပြဿနာနှင့် ရင်ဆိုင်နေကြရသည်။

ပညာရေးအဆင့်နည်းပါးမှု ဝင်ငွေမတည်ငြိမ်မှုနှင့် ကုန်ဈေးနှုန်း၊ လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုတို့မှာ အသက်မွေးဝမ်းကျောင်းရေရှည်တည်တံ့မှုကို အဓိကဟန့်တားနေသည်။ ဒေသခံအမျိုးသမီးအများစုသည် မိသားစုလိုက် ငါးခြောက်ဒိုင်များတွင်နေ့စားသဘောမျိုး ငါးခြောက်ခွဲခြမ်းစိတ်ဖြာသည့် အလုပ်လုပ်ကိုင်ကာ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီလျက်ရှိသည်။ ရေလုပ်သားများကြုံတွေ့နေရသည့် ငါးသယံဇာတလျော့နည်းလာမှု လောင်စာဆီနှင့်ကုန်ဈေးနှုန်းကြီးမြင့်မှု တရားဝင်ဘဏ်မဟုတ်သော ပြင်ပပုဂ္ဂလိကချေးငွေများ၏ အတိုးနှုန်းကြီးမားမှု (ကျပ် ၅-၁၀ အတိုး)ကြောင့် အကြွေးသံသရာထဲ နစ်မွန်းနေရသည့်အချက်များကို သေချာစွာ မီးမောင်းထိုးပြသထားသည်။

ရလဒ်အနေဖြင့် ရေလုပ်သားများ၏စားဝတ်နေရေးမပြေလည်မှုများက ရေရှည်တည်မြဲနိုင်ချေ မြင့်တက်နေပြီး အမျိုးသမီးများသည် ယင်းဒဏ်ကို ပိုမိုထိခိုက်ခံစားနေကြရသည်။ ရေလုပ်သားများ ဝင်ငွေခိုင်မာစေရန်အတွက် ငါးဖမ်းဆီးခြင်းသာမက ဖမ်းဆီးရရှိသောငါးများကို စနစ်တကျပြုပြင်ထုတ်လုပ်ခြင်း (Processing)နှင့် အမျိုးသမီးများ၏ဝင်ငွေရှာဖွေနိုင်စွမ်းကို မြှင့်တင်ပေးခြင်းတို့သည် အထိရောက်ဆုံးသော ဖြေရှင်းနည်းများဖြစ်ကြောင်း သုံးသပ်မိပါသည်။



## ၇။ အကြံပြုချက်

မြိတ်မြို့ရှိ ဒေသခံရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းဘဝကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် –

- (၇.၁) အမျိုးသမီးများကိုဦးတည်၍ ငါးပိ၊ ငါးခြောက်တို့ကို စနစ်တကျထုတ်လုပ်ခြင်းနှင့် စီးပွားရေးတွက်ချက်ခြင်း သင်တန်းများပေးပို့သင်ကြားပေးရန် လိုအပ်ပါသည်။
- (၇.၂) ရေလုပ်သားများအသုံးပြုသော ငါးဖမ်းကိရိယာများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် အတိုးနှုန်းသက်သာသော အသေးစားချေးငွေ (သို့မဟုတ်) ကိရိယာထောက်ပံ့မှုများ ပြုလုပ်ရန်လိုအပ်လျက်ရှိသည်။
- (၇.၃) ရေထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ကြားပွဲစားများကိုသာ အားမကိုးဘဲ ဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်နိုင်မည့် "ရေလုပ်သားအစုအဖွဲ့များ" ဖော်ဆောင်ပေးရန်လိုအပ်ပါသည်။
- (၇.၄) တစ်နှစ်ပတ်လုံးငါးအလွန်အကျွံ ဖမ်းဆီးမှုနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ငါးမျိုးစိတ်များ ရှားပါးလာသည်ဟု သိရှိရပြီး ငါးဖမ်းရာသီ ပိတ်သိမ်းသည့်ကာလများကို စနစ်တကျ ထိန်းသိမ်းရေးဆိုင်ရာ အစီအမံများဖြင့်သတ်မှတ် စောင့်ကြည့်ရန် လိုအပ်နေပါသည်။





အချုပ်ဆိုရသော် ယခုသုတေသနရလဒ်များသည် မြိတ်မြို့ ဒေသခံရေလုပ်ငန်းလုပ်ကိုင်သူတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ငါးအလွန်အကျွံဖမ်းဆီးခြင်းကြောင့် ငါးသယံဇာတရှားပါးလာသည့်ပြဿနာများ၊ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် မိသားစုစားဝတ်နေရေးအခက်အခဲများနှင့် ငွေကြေး အကျပ်အတည်းများ၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရန် လိုအပ်သည့်နည်းပညာများ စသည့်အချက်များကို တွေ့ရှိရသည်။

ယင်းသုတေသနစာတမ်းသည် ဒေသတွင်းငါးဖမ်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံရေလုပ်သားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ထိရောက်သောမူဝါဒများနှင့် လုပ်ငန်းစဉ်များချမှတ်ရာတွင် မှတ်တမ်းအထောက်အထားများ ဖြစ်လာမည်ဟု ယုံကြည်ပါသည်။